အကြင်မည်သူမဆို ရိုဇာဥပုသ်စောင့်ထိန်းနေစဉ်အတွင်းမေ့လျော့၍ စားမိခဲ့လျှင် သို့မဟုတ် သောက်မိခဲ့လျှင်ထိုသူသည် မိမိ၏ရိုဇာဥပုသ်ကို (မဖျက်ဘဲ)

ဆက်လက်စောင့်ထိန်းရမည်။ စင်စစ် ၎င်းအား

အလ္လာဟ်အရှင်မြတ်ကပင်

ကျွေးမွေးတိုက်‌ကျွေးတော်မူခဲ့ခြင်း ဖြစ်သည်။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အကြင်မည်သူမဆို ရိုဇာဥပုသ်စောင့်ထိန်းနေစဉ်အတွင်း
မေ့လျော့၍ စားမိခဲ့လျှင် သို့မဟုတ် သောက်မိခဲ့လျှင် ထိုသူသည် မိမိ၏ရိုဇာဥပုသ်ကို (မဖျက်ဘဲ) ဆက်လက်စောင့်ထိန်းရမည်။ စင်စစ် ၎င်းအား အလ္လာဟ်အရှင်မြတ်ကပင်ကျွေးမွေးတိုက်‌ကျွေးတော်မူခဲ့ခြင်း ဖြစ်သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မည်သူမဆို ဖရဿ်ွ သို့မဟုတ်နဖိလ်ရိုဇာဥပုသ်စောင့်နေစဉ် မေ့လျော့၍ အစာ သို့မဟုတ် အရည်တစ်ခုခု စားသောက်မိပါကထိုသူသည် မိမိ၏ ရိုဇာဥပုသ်ကိုမဖျက်ဘဲ ဆက်လက်စောင့်ထိန်းရမည်ဖြစ်ကြောင်းရှင်းလင်းမိန့်ကြားတော်မူခဲ့သည်။ အဘယ်ကြောင့်ဆိုသော်သူသည်သိလျက်နှင့်ရည်ရွယ်ချက်ရှိရှိ စားသောက်ခဲ့ခြင်းမဟုတ်ပေ။ စင်စစ် ယင်းသည်အလ္လာဟ်အရှင်မြတ်က သူ့ထံရောက်ရှိစေတော်မူသော ရိက္ခာတစ်ခုသာဖြစ်ပြီး၊အလ္လာဟ်အရှင်မြတ်ကပင် သူ့အား ကျွေးမွေးတိုက်‌ကျွေးတော်မူခဲ့ခြင်း ဖြစ်သည်။

https://sunnah.global/hadeeth/my/show/4525